## Fouth Sunday of Advent (December 21, 2014)

### 1st READING: *2Samuel 7:1-5, 8b-12, 14a,16*

ဓမ္မရာဇဝင်ဒုတိယစောင်။ **၇း ၁–၅၊ ၈–၁၂၊ ၁၄၊ ၁၆**

ထာဝရဘုရားသည် အရပ်ရပ်တို့၌ ရှိသောရန်သူအပေါင်းတို့လက်မှ ကယ်လွှတ်တော် မူသောကျေးဇူးကို ရှင်ဘုရင်သည်ခံရ၍၊ နန်းတော်၌ ငြိမ်ဝပ်စွာနေရသောအခါ။ ပရောဖက်နာသန်ကိုခေါ်၍၊ ကြည့်ရှုလော့။ ငါသည် အာရဇ်သစ်သားအိမ်နှင့်နေ၏။ ဘုရားသခင်၏ သေတ္တာတော်မူကား၊ ကုလားကာဖြင့် သာကွယ်ကာလျက်နေရ သည်ဟုဆိုသော်၊ နာသန်က၊ အကြံတော်ရှိသမျှ အတွင်း ပြုတော်မူပါ။ ထာဝရဘုရားသည် ကိုယ်တော်နှင့် အတူရှိတော်မူသည်ဟုပြန်လျှောက်၏။ထိုည၌တွင်ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် နာသန်သို့ရောက်၍ ငါ့ကျွန်ဒါဝိဒ်ထံသို့သွားလော့။ထာဝရဘုရားမိန်တော်မူသည်ကား၊ သင်သည်ငါနေစရာဘို့အိမ်ဆောက်ရမည် လော။ ယခုမှာ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားမိန်တော် မူသည်ကား၊ သိုးထိန်းရာ သိုးခြံထဲက သင့်ကိုငါနှုတ်ယူ၍၊ ငါ၏ လူဣသရေလအမျိုးသားတို့ကို အုပ်စိုးသော မင်းအရာ၌ ငါခန့်ထားပြီ။ သင်သွားလေရာရာ၌ ငါလိုက်၍ သင်၏ ရန်သူအပေါင်းတို့ကို သင့်ရှေ့ဥနမှ ပယ်ရှားသဖြင့်၊ မြေကြီးသားတို့ တွင် လူကြီး၏ ဂုဏ်အသရေကဲ့သို့ သင်၌ကြီးစွာသော ဂုဏ်အသရေကို ငါပေးပြီ။ ထိုမှတပါ၏လူဣသရေလ အမျိုးနေရာအရပ်ကို ငါပြင်ဆင်ပြီ။ သူတို့သည်နောက်တဖန် မပြောင်းလဲ မိမိတို့နေရာ၌ နေစေခြင်းငှါ ငါမြဲမြံစေမည်။မတရားသောသူတို့ သည်ရှေးကာလ၌ရှင်း၊ ငါ၏ လူဣသရေလအမျိုးတွင် တရားသူကြီးတို့ကို ခန့်ထားသော ကာလ၌ရှင်း၊ ညှဉ်းဆဲသကဲ့သို့ နောက်တဖန် မညှဉ်းဆဲရ။ သင့်ကိုလည်းရန်သူအပေါင်းတို့ လက်မှကယ်လွှတ်၍ချမ်းသာပေးပြီ။သင်၏အမျိုးအနွယ်ကိုလည်းငါတည်စေမည်ဟု ထာဝရဘုရားမိန့်တော်မူပြီ။ သင်သည် အသက်ကာလစေ့၍ ဘိုးဘေးတို့နှင့်အတူအိပ်ပျော်သောအခါ သင်၏ရင်သွေး၊သင်မှဆင်းသက်သော သားကိုငါ ချီးမြှောက်၍ သူ၏နိုင်ငံကို တည်ထောင် မည်။ ထိုသားသည်ငါ၏နာမအဘို့ အိမ်ကိုဆောက် လိမ့်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲငါတည်စေမည်။ ငါသည် သူ၏အဘဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည သင်၏အမျိုးအနွယ်နှင့်၊ သင်၏နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်။ သင်၏ ရာဇပလ္လင်သည်လည်းအစဉ်မမြဲတည်လိမ့်မည်ဟု ငါ့ကျွန် ဒါဝိဒ်အား ပြောလော့ဟု မိန့်တော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalms  89:2-3, 4-5, 27-29
## ဆာလံကျမ်း      ၈၉း ၂-၃။ ၄-၅။ ၂၇-၂၉

**သံပြိုင်။**  ။အိုထာဝရဘုရားတပည့်တော်သည်ကိုယ်တော်၏မဟာမေတ္တာကိုကာလအဆက်ဆက်သီဆိုချီးမွမ်းပါမည်။
R/ (2a) **For ever I will sing the goodness of the Lord.**

၁။ အိုထာဝရဘုရားတပည့်တော်သည်ကိုယ်တော်၏မဟာမေတ္တာကိုကာလအဆက်ဆက်သီဆိုချီးမွမ်းပါမည်။တပည့်တော်၏နှုတ်ဖြင့်ကိုယ်တော်၏သစ္စာတော်ကိုလူမျိုးအဆက်ဆက်တို့အားထုတ်ဖော်ကြေညာပါမည်။ကိုယ်တော်ခိုင်မြဲသောမေတ္တာတော်သည်ကာလအစဉ်တည်တော်မူကြောင်းကိုလည်းကောင်း၊သစ္စာတော်သည်လည်းကောင်းကင်ကဲ့သို့တည်မြဲကြောင်းကိုလည်းကောင်း၊တပည့်တော်ထုတ်ဖော်ကြေညာပါမည်။ **သံပြိုင်။**
The promises of the LORD I will sing forever; through all generations my mouth shall proclaim your faithfulness. For you have said, “My kindness is established forever”; in heaven you have confirmed your faithfulness.

၂။ ကိုယ်တော်ကငါရွေးချယ်တော်မူသောသူနှင့်ငါသည်ပဋိညာဉ်ပြုခဲ့ပြီ။ငါ၏အစေခံဖြစ်သောဒေးဗစ်မင်းကြီးအားလည်းကျိန်ဆိုကတိပေးခဲ့သည်မှာ။သင်၏အမျိုးအနွယ်ကိုထာဝစဉ်တည်နေမည်။သင်၏ရာဇပလ္လင်ကိုလည်းသားစဉ် မျိုးဆက်ခိုင်မြဲစေ မည်ဟု မိန့်တော်မူ၏။ **သံပြိုင်။**
“I have made a covenant with my chosen one, I have sworn to David my servant: Forever will I confirm your posterity and establish your throne for all generations.”

၃။ သူသည်ငါ့ထံကြွေးကြော်မည်မှာကိုယ်တော်သည်တပည့်တော်၏ကယ်တင်ရှင်ကျောက်ဆောင်ဖြစ်တော်မူပါ၏ဟူ၍ဖြစ်၏။ ငါသည်သူ၏မျိုးဆက်ကိုအစဉ်ထာဝရတည်ထောင်မည်။သူ၏ရာဇပလ္လင်သည်လည်းကောင်းကင်တည် သ၍ တည်စေမည်။ **သံပြိုင်။**
“He shall say of me, ‘You are my father, my God, the Rock, my savior.’ Forever I will maintain my kindness toward him, and my covenant with him stands firm.”

**2nd READING**: ***Romans 16:25-27***

ရောမသြဝါဒစာ ၁၆း ၂၅–၂၇

ဘုရားသခင်အားဘုန်းတော်ဂုဏ်တော်ရှိပါစေ။ ငါဟောပြောသောခရစ်တော်ယေရှုး၏သတင်းကောင်းအရကိုယ်တော်သည်သင်တို့ကိုယုံကြည်ခြင်း၌ခိုင်မြဲစေတော်မူ၏။လွန်ခဲ့သောရှေးကာလပတ်လုံးဝှက်ကွယ်ထားခြင်းခံရသောနက်နဲသည့်အကြံအစည်ယခုအချိန်တွင်ထုတ်ဖော်ဖွင့်ဆိုထားလျက်ရှိ၏။ထာဝရဘုရားသခင်၏ပညတ်အလိုတော်အတိုင်းထအကြံအစည်တော်သည်ပရောဖက်ကျမ်းများမှတဆင့်ပေါ်လွင်ထင်ရှားလာ၏။လူမျိုးအပေါင်းတို့သည်မိမိတို့အားဟောပြောထားသည့်ယုံကြည်ခြင်းတရားကိုလက်ခံကြလိမ့်မည်။ဉာဏ်တော်အနန္တနှင့်ပြည့်စုံတော်မူသော၊ဘုရားသခင်သည်ခရစ်တော်ယေရှုးအားဖြင့်ကမ္ဘာအဆက်ဆက်ဘုန်း တော်ဂုဏ်တော်ကြီးတော်မူစေသတည်း။ အာမင်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** ***Luke 1: 26-38***

ရှင်လုကာဧဝံဂေလိကျမ်း ၁း ၂၆–၃၈

ထာဝရဘုရားသည်တမန်တော်ဂါဘရီအဲလ်ကိုဂါလိလေပြည်နာဇရက်မြို့ဒေးဗစ်မျိုးနွယ်ဝင်ဂျိုးဇက်အမည်ရှိသောသူနှင့်စေ့စပ်ထားသောအပျိုကညာဆီသို့စေလွှတ်တော်မူ၏။ အပျိုကညာအမည်ကားမာရိယာဖြစ်သတည်း။ ကောင်းကင်တမန်က ကျေးဇူးအပေါင်းနှင့်ပြည့်စုံတော်မူသောသခင်မသင်၌မင်္ဂလာရှိစေသတည်း။ ဘုရားသခင်သည်သင်နှင့်အတူရှိတော်မူ၏ဟုသူမအားနှုတ်ဆက်လေ၏။ သို့သော်သူမသည်အလွန်စိတ်အနှောင့်အယှက်ဖြစ်၍ဤ နှုတ်ဆက်စကားကား၊ အဘယ်သို့ နည်းဟူ၍တွေးတောဆင်ခြင်လျက်နေ၏။ ကောင်းကင်တမန်ကလည်းမာရိယာမကြောက်ရွံ့နှင့်၊သင်သည်ဘုရားသခင်ရှေ့ တော်၌ မျက်နှာရလေပြီ။ သင်၏ဝမ်း၌ပဋိသန္ဓေစွဲ၍၊သားယောကျ်ားကိုသင်ဖွားမြင်လိမ့်မည်။ထိုသားကိုယေဇူးဟူသောအမည်ဖြင့်မှည့်ခေါ်ရမည်။သူသည်ကြီးမြတ်သောသူဖြစ်လိမ့်မည်။အမြင့်ဆုံးသောသူ၏ သားတော်ဟုခေါ်ဝေါ်ခြင်းကိုခံရလိမ့်မည်။ဘုရားသခင်သည်သူ့အဘဒေးဗစ်၏ ရာဇပလ္လင်ကိုသူ့အားပေးအပ်တော်မူလိမ့်မည်။သူသည်ယာကုပ်၏ အမျိုးအနွယ်ကိုအစဉ်အမြဲအုပ်စိုးတော်မူလိမ့်မည်။သူ၏ နိုင်ငံတော်သည်အဆုံးမရှိ၊အစဉ်တည်နေလိမ့်မည်ဟုမိန့်ဆို လေ၏။မာရိယာကလည်းဤအမှုအရာသည်မည်သို့ဖြစ်နိုင်မည်နည်း။အကြောင်းမူကား၊ ကျွန်မ၌ခင်ပွန်းမရှိပါဟကောင်းကင်တမန်အားဆိုလေ၏။ တစ်ဖန်ကောင်းကင်တမန်ကသန့်ရှင်းသောဝိညာဉ်တော်သည်သင့်အပေါ်သို့ဆင်းသက်လိမ့်မည်။အမြင့်ဆုံးသောအရှင်၏ တန်ခိုးအာဏာတော်သည်သင့်ကိုလွှမ်းခြုံလိမ့်မည်။ထို့ကြောင့်သင်မှဖွားမြင်လတ္တံ့သောသန့်ရှင်းမွန်မြတ်သူငယ်သည်ဘုရား၏ သားတော်ဟုခေါ်ဝေါ်ခြင်းခံရလိမ့်မည်။ထို့အပြင်ကြည့်လော့၊အမြုံမဟုခေါ်ဝေါ်ခြင်းခံရသောသင်၏ ဆွေမျိုးဧလိဇဘက်သည်အိုသောအရွယ်၌ပဋိသန္ဓေစွဲယူ၍ယခုဆဋ္ဌမလသို့ရောက်လေပြီ။ဘုရားသခင်မတတ်နိုင်သောအရာတစ်စုံတစ်ခုမျှမရှိဟုမိန့်ဆိုလေ၏ ။မာရိယာကလည်းကျွန်မသည်ဘုရားသခင်၏ အစေခံဖြစ်ပါ၏ ။သင်၏ စကားအတိုင်းကျွန်မ၌ဖြစ်ပါစေဟုဆိုပြီးနောက်ကောင်းကင်တမန်တော်သည်သူမထံမှထွက်ခွာသွားလေ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။